

mgyoe.com

ကလေးများအတွက်

# အင်္ဂလိပ်စကားပြော

## သင်ခန်းစာများ

## အဆင့်(၂)

ပြေငြိမ်းချမ်း ပြန်ဆိုပြုစုသည်။

mgyoe.com



ကလေးများအတွက်
**အင်္ဂလိပ်စကားပြော**
သင်ခန်းစာများ
**အဆင့်(၁)**



ကလေးများအတွက်
**အင်္ဂလိပ်စကားပြော**
သင်ခန်းစာများ
**အဆင့်(၂)**



ကလေးများအတွက်
**အင်္ဂလိပ်စကားပြော**
သင်ခန်းစာများ
**အဆင့်(၃)**

# ကလေးများအတွက်
# အကောင်းဆုံး
# အနာဂတ်
# လက်ဆောင်မွန်စာအုပ်များ



PNC0007
1,500.00 KS

mgyoe.com

ကလေးများအတွက် အင်္ဂလိပ်စကားပြောသင်ခန်းစာများ အဆင့် (၂)

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၁၀၉၀၁၁၀ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၁၆၆၀၂၁၀ ဖြင့်

မျက်နှာဖုံးဒီဇိုင်း ဣ.ဒ.ဝ ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ (၈၅) ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ- ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကင်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၀ ပြည့်နှစ်၊ ဧပြီလတွင် တန်ဖိုး ၁၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် · သစ္စာ

၄၀၇

ပြေငြိမ်းချမ်း

ကလေးများအတွက် အင်္ဂလိပ်စကားပြော သင်ခန်းစာများ အဆင့်-၂ / ပြေငြိမ်းချမ်း။ - ရန်ကုန်။ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၀။

စာမျက်နှာ ၄၈ မျက်နှာ၊ ၁၈·၇ စင်တီ× ၂၄ စင်တီ

(၁) ကလေးများအတွက် အင်္ဂလိပ်စကားပြော သင်ခန်းစာများ အဆင့်-၂

mgyoe.com



# ကလေးများအတွက် အင်္ဂလိပ်စကားပြော သင်ခန်းစာများ အဆင့်(၂)

## အမှာ

ဒီစာအုပ်ကလေးဟာ ကလေးတွေကို အင်္ဂလိပ်စာ လေ့ကျင့်ပေးတဲ့ စာအုပ်ဖြစ်တယ်။
မူကြိုအရွယ် ၃ နှစ်ကစပြီး ၇ နှစ်အထိ ကလေးတွေကို အခြေခံအင်္ဂလိပ်စာတတ်ဖို့
လေ့ကျင့်ပေးထားတယ်။
ရည်ရွယ်ချက်ကတော့ အင်္ဂလိပ်စာ အရည်အသွေးမြင့်မားလာပြီး ကလေးတွေ အချိန်တိုအတွင်း
အင်္ဂလိပ်စကား ပြောတတ်လာအောင် ဖြစ်တယ်။
ကလေးတွေရဲ့ စိတ်ထဲမှာ အင်္ဂလိပ်စာကို ရင်းနှီးကျွမ်းဝင် သွားစေပါလိမ့်မယ်။
အင်္ဂလိပ်နဲ့ မြန်မာတွဲပြီး သင်ယူရတဲ့အတွက် မြင်နေကျပစ္စည်းတွေကို
အင်္ဂလိပ်လို သိသွားစေနိုင်ပါတယ်။
လှုပ်ရှားမှုတွေ၊ လေ့ကျင့်ခန်းတွေ ပါလာတဲ့အတွက် စာသင်ရင်း ကလေးတွေ ကစားလို့ရတယ်။
အင်္ဂလိပ်စာလုံးလေးတွေ ရှာတတ်ဖွေတတ်လာမယ်။
သီချင်းလေးတွေ ရွတ်ဆိုပြီး အင်္ဂလိပ်စာလုံးတွေကို မှတ်တတ်လာမယ်။
အရောင်တွေကို သိလာမယ်။ ကဗျာတွေ ဆိုတတ်လာမယ်။
အင်္ဂလိပ်လို မေးခွန်းလေးတွေကို ဖြေတတ်လာမယ်။ မေးတတ်လာမယ်။
အခြေခံကျတဲ့ ဒီသင်ခန်းစာလေးတွေ ကျေညက်သွားမယ်ဆိုရင် အင်္ဂလိပ်ဘာသာစကားကို ဆက်ပြီး
လေ့လာသင်ယူသွားဖို့ အခက်အခဲဖြစ်တော့မှာ မဟုတ်ဘူးလေ။
ဒီစာအုပ်ကလေးကို ထုတ်ဝေရတဲ့အတွက် ကလေးတို့ အင်္ဂလိပ်နဲ့
မြန်မာတွဲပြီး စကားလုံးတွေအများကြီး တတ်မြောက်သွားမှာပါ။

ကစားရင်း စာသင် ။
လေ့ကျင့်ရင်း စာသင် ။
ရွတ်ဆိုရင်း စာသင် ။
ပျော်ပျော်ရွှင်ရွှင် စာသင်ကြမယ်နော် ။



mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ




| | | |
|---|---|---|
| Lesson 1 | **I love you, mum!**<br>မေမေ့ကို ချစ်တယ်။ | 1 |
| Lesson 2 | **My face**<br>ကျွန်ုပ်၏ မျက်နှာ။ | 3 |
| Lesson 3 | **Stamp your foot.**<br>မင်းခြေထောက်ကို ဆောင့်ချပါ။ | 5 |
| Lesson 4 | **How old are you?**<br>မင်းအသက် ဘယ်လောက်လဲ။ | 7 |
| Lesson 5 | **I have a farm.**<br>ငါ့မှာ ခြံတစ်ကွက်ရှိတယ်။ | 9 |
| Lesson 6 | **Do you have a yo-yo?**<br>မင်းမှာ ယိုယို ရှိသလား။ | 11 |
| Lesson 7 | **She is on the swing.**<br>သူ ဒန်းပေါ်မှာ ရှိတယ်။ | 13 |
| Lesson 8 | **Let's count!**<br>ရေတွက်ရအောင်။ | 15 |
| Lesson 9 | **Sun and moon**<br>နေနဲ့လ။ | 17 |
| Lesson 10 | **What are these?**<br>ဒါ ဘာတွေလဲ။ | 19 |


mgyoe.com

mgyoe.com



# မာတိကာ


| | | |
|---|---|---|
| Lesson 11 | **Welcome to my family!**<br>မိသားစုက ကြိုဆိုပါတယ်။ | 21 |
| Lesson 12 | **Mimi is on the tree.**<br>မိမိက သစ်ပင်ပေါ်မှာ။ | 23 |
| Lesson 13 | **I can't find my little dog!**<br>ကျွန်တော့်ခွေးလေးကို ရှာမတွေ့ဘူး။ | 25 |
| Lesson 14 | **What's in the bathroom?**<br>ရေချိုးခန်းထဲမှာ ဘာရှိသလဲ။ | 27 |
| Lesson 15 | **Who is tall?**<br>ဘယ်သူ အရပ်ရှည်သလဲ။ | 29 |
| Lesson 16 | **What do you do?**<br>မင်း ဘာလုပ်သလဲ။ | 31 |
| Lesson 17 | **I have breakfast at home.**<br>ကျွန်တော် အိမ်မှာ မနက်စာ စားပြီးပြီ။ | 33 |
| Lesson 18 | **What's for breakfast?**<br>မနက်စာအတွက် ဘာလဲ။ | 35 |
| Lesson 19 | **I can run!**<br>ငါ ပြေးနိုင်တယ်။ | 37 |
| Lesson 20 | **Can you swim?**<br>မင်း ရေကူးတတ်လား။ | 39 |


mgyoe.com

# Lesson 1

mgyoe.com

## I love you, mum! မေမေ့ကို ချစ်တယ်။

### Let's talk စကားပြောရအောင်။





I love you, mun!
မေမေ့ကို သားချစ်တယ်။



I love you, too, Mike!
မေမေကလည်း
သားကို ချစ်ပါတယ်၊ မိုက်ရယ်။





Dad, I love you!
ဖေဖေ့ကို သမီးချစ်တယ်။



I love you, too, dear!
ဖေဖေကလည်း
သမီးကို ချစ်ပါတယ်၊ သမီးလေးရယ်။

### Let's learn လေ့လာရအောင်။



one
တစ်



two
နှစ်



three
သုံး



four
လေး


mgyoe.com

mgyoe.com


## Game time ကစားချိန်

ဆရာမက ကလေးတွေကို ပေးထားတဲ့ ရုပ်ပုံတွေထဲက ရှေ့မှာ ပြောထားတဲ့အတိုင်း ရေတွက်ပြီး အရောင်ခြယ်ခိုင်းမှာပါ။

အရောင်ခြယ်ပါ

three 

four 

two 

one 

three 

mgyoe.com



# Lesson 2

mgyoe.com

## My face ကျွန်ုပ်၏ မျက်နှာ။

### Let's talk စကားပြောရအောင်။





This is my mouth.
ဒါ ကျွန်မ ပါးစပ်ပါ။



This is my nose.
ဒါ ကျွန်မ နှာခေါင်းပါ။





This is my ear.
ဒါ ကျွန်တော့် နားရွက်ပါ။

### Let's learn လေ့လာရအောင်။

**hair**
ဆံပင်

**nose**
နှာခေါင်း

**ear**
နားရွက်

**eye**
မျက်စိ



**mouth**
ပါးစပ်

mgyoe.com

mgyoe.com

# Game time ကစားချိန်

အသံထွက်ကို နားထောင်ပါ။ လိုက်ဆို လိုက်လုပ်ပါ။


အသံထွက်ကို နားထောင်ပါ။ ဆရာမက အသံထွက်ပြမယ်။
နောက်ကလိုက်ဆိုပြီး လက်ညှိုးထိုးပြပါ။ ဘယ်သူက အသံထွက်မှန်အောင် ဆိုနိုင်သလဲ။
ကဲ လုပ်ကြည့်ရအောင်။










mgyoe.com

# Lesson 3

mgyoe.com

## Stamp your foot. မင်းခြေထောက်ကို ဆောင့်ချပါ။

### Let's talk စကားပြောရအောင်။





Follow me, stamp your foot.

ငါ့လို လိုက်လုပ်၊
နင့်ခြေထောက်ကို ဆောင့်ချလိုက်ပါ။



I can do it.

ငါ လုပ်နိုင်တာပေါ့။





Can you shake your head?

မင်းရဲ့ခေါင်းကို လှုပ်နိုင်သလား။



No.

ဟင့်အင်း။

### Let's learn လေ့လာရအောင်။




mgyoe.com

mgyoe.com

## Game time ကစားချိန်

အသံထွက်ကို နားထောင်ပါ။ လိုက်ပြီးလှုပ်ရှားပါ။

ဆရာမက အင်္ဂလိပ်လို အသံထွက်ပြတဲ့အတိုင်း မြန်မြန်လိုက်လုပ်ရမယ်နော်။




**Touch your feet.**
ကိုယ့်ခြေထောက်ကို ကိုယ်ထိပါ။



**Stretch your leg.**
ကိုယ့်ခြေထောက်ကို ဆန့်ထုတ်ပါ။



**Bend your arms.**
ကိုယ့်လက်မောင်းကို ကွေးလိုက်ပါ။



**Clap your hands.** လက်ခုပ်တီးပါ။

mgyoe.com



# Lesson 4

mgyoe.com

## How old are you? မင်းအသက် ဘယ်လောက်လဲ။

### Let's talk စကားပြောရအောင်။





How old are you?
မင်းအသက် ဘယ်လောက်လဲ။



I'm five.
ကျွန်တော် ငါးနှစ်ရှိပါပြီ။





How old are you?
နင့်အသက် ဘယ်လောက်လဲ။



I'm three.
ငါ သုံးနှစ်ရှိပြီ။

### Let's learn လေ့လာရအောင်။



**five**
ငါး



**six**
ခြောက်



**seven**
ခုနစ်



**eight**
ရှစ်

mgyoe.com

mgyoe.com

# A story ပုံပြင်တစ်ပုဒ်


## A story of chicks
ကြက်ကလေးတွေရဲ့ ပုံပြင်

အစာရှာထွက်လာတဲ့ ကြက်မကြီးမှာ
ကြက်ကလေးခြောက်ကောင်
ရှိတယ်။ သူ့လို ရေတွက်ကြည့်ပါ။




ကြက်ကလေးတစ်ကောင်က အုပ်စုရဲ့
အဝေးကို ရောက်သွားတယ်။







ကြက်မကြီးက အိမ်ပြန်ဖို့
ကြက်ကလေးတွေကို ရေတွက်တယ်။
တစ်ကောင်ပျောက်နေတယ်လေ။
ဟုတ်လား။ လိုက်ရေကြည့်ပါဦး။




စိတ်ပူနေတဲ့ ကြက်မကြီးဟာ
"မေမေ"လို့ ခေါ်သံကြားမှပဲ
စိတ်အေးသွားတော့တယ်။

mgyoe.com



# Lesson 5

mgyoo.com

## I have a farm. ငါ့မှာ ခြံတစ်ကွက်ရှိတယ်။

### Let's talk စကားပြောရအောင်။







I have a chick.
I don't have a duck.
ငါ့မှာ ကြက်ကလေးတစ်ကောင် ရှိတယ်။
ငါ့မှာ ဘဲတော့မရှိဘူး။



I have a duck.
I don't have a chick.
ငါ့မှာက ဘဲတစ်ကောင် ရှိတယ်။
ငါ့မှာ ကြက်မရှိဘူး။



I have a rabbit.
Do you have one?
ငါ့မှာ ယုန်ကလေးတစ်ကောင် ရှိတယ်။
မင်းမှာရော ရှိလား။



No.
မရှိဘူး။




### Let's learn လေ့လာရအောင်။



pig
ဝက်



chick
ကြက်ကလေး



duck
ဘဲကလေး



rabbit
ယုန်

mgyoo.com

mgyoe.com

## Sing a song သီချင်းဆိုပါ။

# Old Tom has a farm

*Old Tom has a farm, E-I-E-I-O,*

*And on his farm he has some chicks, E-I-E-I-O,*

*Here are some rabbits and ducks.*

*Happy, happy, how happy they are!*

*In the old Tom's farm.*

*E-I-E-I-O.*



mgyoe.com



# Lesson 6

mgyoe.com

## Do you have a yo-yo?.

မင်းမှာ ယိုယို ရှိသလား။

### Let's talk စကားပြောရအောင်။





Do you have a yo-yo?

နင့်မှာ ယိုယို ရှိသလား။



Yes, I do.

အေး ရှိတယ်။



Do you have a toy car?

နင့်မှာ ကစားစရာကား ရှိလား။



No, I don't.

ဟင့်အင်း။ မရှိဘူး။



### Let's learn လေ့လာရအောင်။



blocks

သစ်သားတုံးလေးများ



toy car

ကစားစရာကား



barbie doll

ဘာဘီအရုပ်



yo-yo

ယိုယို

mgyoe.com